# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး

## ၂၅ ရက်မြောက်နေ့ အစီအစဉ်

## [ ၆ - ၇ - ၂၀၁၇ ]

## ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၅ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့၊ ကျီးကန်းပြင်ဌာနချုပ်မှ ငွေတောင်ကျေးရွာသို့ ဆက်သွယ် သွားလာနိုင်ရေးအတွက် ကားလမ်းအသစ် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးငွန်ပေား၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ချင်းပြည်နယ်၊ ဟားခါး မြို့နယ်၊ ဟရန်ဟရိန်း ကျေးရွာလမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နိုင်ငံတော်၏ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ဖြင့် ကျောက်ခင်းခြင်းနှင့် စပ်လျဉ်း၍ တာဝန်ကျေမှု မရှိသော Global Village Company ၏ လုပ်ဆောင်ချက်ကို စစ်ဆေးပေးရန်နှင့် ပြည်သူများ ကျေနပ်လက်ခံနိုင်သည့်လမ်းအဖြစ် ပြန်လည် လုပ်ဆောင်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို အပေါင်ထားပြီး လယ်ယာ စိုက်ပျိုး ထုတ်လုပ်မှု အရင်းအနှီးများ ရရှိစေရန် ချေးငွေများ ထုတ်ချေးမည့် အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုပေးသော ဘဏ်များ တည်ထောင် ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ပါဒဝ ရေတံခါးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပွင့်လင်း မြင်သာစွာ ရှင်းလင်း ချပြမှုမရှိခြင်းနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **ဝေါမြို့နယ်၊ မိုးနတ်ကျေးရွာနှင့် သနပ်ပင်မြို့နယ်၊ မင်းရွာသို့ ဆက်သွယ်ထားသော မိုးနတ်-မင်းရွာ မြို့နယ်ချင်းဆက် ကိုယ်ထူကိုယ်ထ မြေသားလမ်း ၃ မိုင် ၂ ဖာလုံ အား ရာသီမရွေး အသုံးပြုနိုင်သည့် ကုန်ထုတ်လမ်းမကြီးအဖြစ် ပြုပြင်တိုးချဲ့ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မြန်မာ ပင်လယ်ပြင် အတွင်းရှိ သက်ဆိုင်ရာ ဒေသ သို့မဟုတ် ငါးဖမ်းကွက်အလိုက် ငါးအမျိုးအစားများကို စနစ်တကျ သုတေသန ပြုလုပ်၍ ငါးသားပေါက် ရာသီအလိုက် ငါးမဖမ်းရ နယ်မြေများ သတ်မှတ်၍ သတ်မှတ်ထားသော ငါးမဖမ်းရ ဧရိယာအတွင်း သတ်မှတ်ကာလအထိ ကမ်းဝေး ငါးဖမ်းလှေများကို လုံးဝဖမ်းဆီးခြင်း မပြုရန်နှင့် တားမြစ်ချက်များအား မလိုက်နာသော ကမ်းဝေး ငါးဖမ်းလှေများကို ထိထိရောက်ရောက် အပြစ်ပေး အရေးယူ ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၂၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။